# ပထမအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး

# ၁၉ ရက်မြောက်နေ့ အစီအစဉ်

# [ ၆–၁၁–၂၀၁၃] (ဗုဒ္ဓဟူးနေ့)

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

၃။ ပထမအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ၁၉ ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း။

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း–

(က) ဒေါ်ခင်သန္တာ၊ တံတားဦး မဲဆန္ဒနယ်၏ **ကျောက်ဆည်ခရိုင်၊ စဥ့်ကိုင်မြို့နယ်အတွင်းရှိ စက်မှုဝန်ကြီးဌာန၏ စီမံကိန်းအပြောင်းအလဲကြောင့် နစ်နာနေကြရသော ဝန်ထမ်းများအား အစိုးရဝန်ထမ်းအဖြစ် ဆက်လက်ခန့်ထားရန်အစီအစဉ်ရှိ/မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(ခ) ဦးပိုက်လင်း၊ ပလက်ဝ မဲဆန္ဒနယ်၏ **တာဝန်မကျေ၊ စာရိတ္တပျက်သည်ဟု အရေးယူ အပြစ်ပေးခံရသော ဝန်ထမ်းများကို ဝေးလံခက်ခဲသော ဒေသသို့ ပြောင်းရွှေ့တာဝန်ပေးခြင်းဟူသော ပြစ်ဒဏ်ကို ပယ်ဖျက်ပေးရန် အစီအစဉ်ရှိ/မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(ဂ) ဦးခင်မောင်သိန်း၊ စစ်ကိုင်း မဲဆန္ဒနယ်၏ **စစ်ကိုင်းမြို့ တိုင်းအမှတ်(၂) ရွာထောင်၊ မီးရထားရုံးရှိ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(ဃ) ဦးအောင်ကျော်စိုး၊ နတ်မောက် မဲဆန္ဒနယ်၏ **နတ်မောက်မှ မကွေးသို့ လျှာထားပြီး မီးရထားအပိုင်းကို နတ်မောက်မြို့နယ် အနောက်တောင်ဘက်ခြမ်းနှင့် မကွေးမြို့နယ် အရှေ့မြောက်ဘက်ခြမ်းတို့ကို ပြောင်းလဲဖြတ်သန်းဖောက်လုပ်ရန် အစီအစဉ်ရှိ/မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း။

( င ) ဦးတင်ဋ္ဌေးအောင်၊ ရေစကြို မဲဆန္ဒနယ်၏ **လယ်ယာမြေ မှတ်ပုံတင်ခြင်း ကာလတိုးမြှင့်သတ်မှတ်ပေးရန် အစီအစဉ် ရှိ/မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း။

( စ ) ဦးအောင်ကျော်ခင်၊ ကျောက်တန်း မဲဆန္ဒနယ်၏ **ကျောက်တန်းမြို့နယ်၊ ကွင်းအမှတ်(၆၂၁)၊ ဦးပိုင်အမှတ်၊ ၃၊ ၅၊ ၆၊ ၇၊ ၁၁၊ ၁၂၊ ၁၃ ရှိ မြေ(၃၈.၉၂)ဧကအား လက်ရှိပိုင်ရှင်များ၏ အမည်ဖြင့် မြေခွန်ပြေစာများ ပြန်လည်ရရှိရေး ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း။

၆။ ဦးအောင်ဇင်၊ ပုဗ္ဗန်တောင် မဲဆန္ဒနယ်က **“ စိုက်ပျိုးရေးနှင့် မိုးလေဝသကို ချိတ်ဆက်ပေးနိုင်သော စိုက်ပျိုးရေး မိုးလေဝသပညာရပ် ဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ အနာဂတ် မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးကို အထောက်အကူပြုအကောင်အထည်ဖော်နိုင်ရန်အတွက် ကော်မတီတစ်ရပ်ဖွဲ့စည်းနိုင်ရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်း”** အဆို တင်သွင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

၇။ အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသော **“ မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီ ဥပဒေကြမ်း”** ကို လက်ခံရရှိကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်း။

၈။ အမျိုးသားလွှတ်တော်မှ အတည်ပြုချက်ဖြင့် ပေးပို့သော **“ပြည်ထောင်စု လွှတ်တော်ဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း”** နှင့်စပ်လျဉ်း၍ အစီရင်ခံစာ ဖတ်ကြားရန်နှင့် လေ့လာနိုင်ရန် ဖြန့်ဝေထားကြောင်း အသိပေး တင်ပြခြင်း။

၉။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန် အစည်းအဝေး ၁၉ ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ၂၀ ရက်မြောက်နေ့ ဆက်လက် ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။